**မြန်မာနိုင်ငံ - သတင်းသမားကိုပါကြီးအသတ်ခံရမှု ၅ နှစ်ကြာသည်အထိ တရားမျှတမှုမရရှိသေးခြင်းသည် တပ်မတော်အား ပြစ်ဒဏ်ကင်းလွတ်ခွင့်ပေးထားသည့် ၁၉၅၉ ဥပဒေကိုပြင်ဆင်ဖို့ရန် လိုအပ်ကြောင်း မီးမောင်းထိုးပြလျက်ရှိ**

**၂၀၁၉ ခုနှစ် အောက်တိုဘာလ ၄ ရက်**

*၁၉၅၉ ခုနှစ် တပ်မတော်အက်ဥပဒေပြင်ဆင်ရေးသည် စစ်တပ်ကို ပြစ်ဒဏ်ကင်းလွတ်ခွင့် ပေးထားလျက်ရှိသည့် အခြေအနေကိုပြုပြင်ပြောင်းလဲဖို့ရန်အတွက် အရေးကြီးသည့် ခြေလှမ်းတစ်ရပ်ဖြစ်ပေသည်။ ထို့အပြင် နိုင်ငံတော်မှ နိုင်ငံတကာဥပဒေများအပေါ် လိုက်နာရမည့် တာဝန်ရှိသည့်အလျောက် ကိုပါကြီးအသတ်ခံရမှုအား ပြန်လည်စစ်ဆေးပြီး တပ်မတော်သားများမှ ပြစ်မှုများထပ်မံကျူးလွန်နေမှုကို ဟန့်တားရပါမည်။*

၂၀၁၄ ခုနှစ်တွင် သတင်းသမားကိုပါကြီး အသတ်ခံရမှုတွင်ပါဝင်ခဲ့သည့် တပ်မတော်သားများကို အကာအကွယ်ပေးဖို့ရန်အတွက် အသုံးချခဲ့သည့် ၁၉၅၉ ခုနှစ် တပ်မတော်အက်ဥပဒေကို ပြင်ဆင်ဖို့ရန် ယနေ့တွင် အပြည်ပြည်ဆိုင်ရာဥပဒေပညာရှင်များကော်မရှင်အဖွဲ့ (ICJ)မှ မြန်မာနိုင်ငံအစိုးရကိုတောင်းဆိုလိုက်ပါသည်။

"အရပ်သားများအပေါ်ကျူးလွန်သည့် ဆိုးဝါးသောပြစ်မှုများကို တပ်မတော်စစ်ခုံရုံးများသို့ လွှဲပြောင်းစစ်ဆေးပြီး စီရင်ချက်ချက်ချစေခြင်းဖြင့် မြန်မာတစ်နိုင်ငံလုံးတွင် တပ်မတော်သားများမှ လူ့အခွင့်အရေးချိုးဖောက်သည့်ပြစ်မှုများကို ကင်းလွတ်ခွင့်ပေးနေသဖွယ် ဖြစ်အောင် ၁၉၅၉ ခုနှစ် တပ်မတော်အက်ဥပဒေအား အသုံးချနေမှု၏ အကောင်းဆုံးဥပမာမှာ ယခုကဲ့သို့အမှုဖြစ်ပေသည်။" ဟု ICJ ၏ အာရှပစိဖိတ်ဒါရိုက်တာ ဖရက်ဒရစ်ရော်စကီးမှပြောကြားခဲ့သည်။

"ကိုပါကြီးအသတ်ခံရမှုအတွက် ပြစ်မှုမှကင်းလွတ်ခွင့်ပေးခြင်းသည် ဤဥပဒေအားအသုံးချပြီး တပ်မတော်သားများ၏ ဆိုးဝါးသောပြစ်မှုများအပေါ် တာဝန်ခံဖို့ရန်အတွက် အကာအကွယ် ပေးထားလျက်ရှိနေကြောင်း ပြသသည့် နောက်ထပ်ဥပမာတစ်ရပ်ပင်ဖြစ်သည်" ဟု ရော်စကီးမှ ပြောကြားခဲ့သည်။" မည်သည့်အခြေအနေမျိုးတွင်မဆို တပ်မတော်သားများ၏ ဆိုးဝါးသော ပြစ်မှုများကို အများပြည်သူသိမြင်နိုင်သည့် ရာဇဝတ်မှုစစ်ဆေးအရေးယူနိုင်အောင် လွှတ်တော်အမတ်များအနေဖြင့် ၁၉၅၉ အက်ဥပဒေကို ပြင်ဆင်ဖို့ရန် လိုအပ်ပြီး တာဝန်ခံတာဝန်ယူမှုကင်းမဲ့နေမှုတို့ကို ဖြေရှင်းဖို့ရန်အတွက် အခြားလုပ်ငန်းစဉ်များကို ဆက်လက် ဆောင်ရွက်သင့်ပါသည်။"

ကိုပါကြီးသည် မွန်ပြည်နယ်တွင် ရဲမှဖမ်းဆီးထိန်းသိမ်းခြင်းခံရပြီး ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် တပ်မတော်ထံသို့လွှဲပြောင်းထိန်းသိမ်းခြင်းခံခဲ့ရပါသည်။ တပ်မတော်မှ ဖမ်းဆီးထိန်းသိမ်းထားသည့် လေးရက်မြောက်နေ့တွင် ကိုပါကြီးသေဆုံးခဲ့ပါသည်။ သေဆုံးပြီးနောက်အလောင်းကို မြေမြှုပ်ကာ ကိုပါကြီးအသတ်ခံရမှုကို သူ၏မိသားစုနှင့် အများပြည်သူတို့မသိအောင် ရက်သတပတ်များစွာ ဖုံးကွယ်ခဲ့ကြပါသည်။ ကိုပါကြီးသေဆုံးမှု နှင့် သူ၏မိသားစုမှ တရားမျှတမှုနှင့် အမှန်တရားကိုသိရှိရန် အခွင့်အရေးမရှိခဲ့သည် တို့အတွက် မည်သူမှတာဝန်ယူ တာဝန်ခံမှု မရှိခဲ့ပေ။

၁၉၅၉ အက်ဥပဒေအတိုင်း တပ်မတော်စစ်ခုံရုံးမှ ချွတ်ယွင်းမှုများစွာရှိခဲ့သည့် စစ်ဆေးခဲ့မှုအရ ထိုအမှုတွင် ပါဝင်ပတ်သက်သည်ဟူ၍ စွပ်စွဲခံထားရသော တပ်မတော်သားအားလုံးမှာ အမှုမှ တရားသေ လွတ်မြောက်သွားခဲ့ပါသည်။ ဤကဲ့သို့လွတ်မြောက်သွားခြင်းကြောင့် ကျူးလွန်ခဲ့သူတို့အားတာဝန်ခံတာဝန်ယူမှုရှိစေရန် ဆောင်ရွက်သော ကျိုက်မရော်မြို့နယ်တရားရုံးတွင် သေမှုသေခင်းဆိုင်ရာ စုံစမ်းစစ်ဆေးဖို့ရန် လျှောက်ထားခြင်းအပါအဝင် အခြားနည်းလမ်းများ အားလုံးကို ရပ်တန့်လိုက်စေပါသည်။ ထို့အပြင် ယင်းစီရင်ချက်သည် မြန်မာအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ရဲမှုအမှုစစ်ဆေးပြီး အရပ်သားအာဏာပိုင်များမှ ဦးစီးသည့် အများပြည်သူသိမြင်နိုင်သော ရာဇဝတ်မှု တရားစီရင်မှုမျိုးဖြင့် ဆောင်ရွက်သင့်ကြောင်း အကြံပေးချက်ကို လျစ်လျူရှုခဲ့ပါသည်။

ငါးနှစ်ကြာပြီးသည့်နောက် သတင်းသမားကိုပါကြီးအသတ်ခံရမှုကို လွတ်လပ်ပြီးဘက်မလိုက်သည့် အသေးစိတ် စုံစမ်းစစ်ဆေးမှုတစ်ရပ်ကို မြန်မာအာဏာပိုင်များအနေဖြင့် စတင်ဆောင်ရွက်ဖို့သင့်ပြီ ဖြစ်သည်” ဟု ICJ ၏ ဥပဒေအကြံပေး ရှောင်ဘိန်းမှပြောကြားခဲ့သည်။ “အမှန်တရားကိုဖော်ထုတ်ပြီး အသိမှတ်ပြုဖို့ရန်လိုအပ်ပြီး တရားဥပဒေမဲ့သတ်ဖြတ်ခဲ့မှုအတွက် တာဝန်ရှိသူတို့ကို မျှတသော တရားစီရင်မှုမျိုးဖြင့် တရားမျှတမှုရှိအောင် ဆောင်ရွက်ရပေမည်” ဟု ရှောင်ဘိန်းမှ ဖြည့်စွက်ပြောကြားခဲ့သည်။

အရပ်သားများအပေါ်ကျူးလွန်သည့် ဆိုးဝါးသောရာဇဝတ်မှုများအပါအဝင် တပ်မတော်သားများပါဝင်သည့်အမှုများကို အရပ်ဘက်တရားရုံးမှ တပ်မတော်စစ်ခုံရုံးများသို့ လွှဲပြောင်း စစ်ဆေးစေအောင် ၁၉၅၉ အက်ဥပဒေပါ ပြဋ္ဌာန်းချက်အချို့ကို အသုံးချလျက်ရှိပါသည်။ ယင်းအားမြန်မာနိုင်ငံတစ်ဝှမ်းရှိပြစ်မှုများအတွက် တာဝန်ခံတာဝန်ယူမှုများမှ ကင်းလွတ်ခွင့်ရအောင် အသုံးချလျက်ရှိပါသည်။ ဥပမာ ၂၀၁၇ ခုနှစ် တွင် ရိုဟင်ဂျာအရပ်သား ၁၀ ဦးကို သတ်ဖြတ်ခဲ့သည့်အမှုအတွက် ပြစ်ဒဏ်ချအရေးယူခံခဲ့ရသည့် တပ်မတော်သားများကို စောစီးစွာ လွှတ်ပေးခဲ့မှုအပေါ်ဖြေရှင်းရာတွင် ထိုဥပဒေအားရည်ညွှန်းခဲ့ပါသည်။

စစ်တပ်အဖွဲ့ဝင်များ၏ ဆိုးဝါးသောလူ့အခွင့်အရေးချိုးဖောက်မှုများနှင့် အခြားအပြည်ပြည်ဆိုင်ရာဥပဒေများချိုးဖောက်မှုတို့အတွက် စစ်ခုံရုံးများတွင် စစ်ဆေးခွင့်ကို အပြည်ပြည်ဆိုင်ရာဥပဒေ စံချိန်စံညွှန်းများမှာ ပိတ်ပင်ထားပါသည်။ သတင်းရယူရန် တရားဥပဒေအတိုင်း ဆောင်ရွက်နေမှုအပေါ်အခြေခံပြီး သတင်းသမားများကို ဖမ်းဆီးထိန်းသိမ်းပြီး အရေးယူမှုပြုလုပ်ခြင်းသည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ သတင်းအချက်အလက်များကို ရှာဖွေ၊ လက်ခံ၊ ထုတ်ဖော်ခွင့် နှင့် အများပြည်သူအရေးတို့တွင် ပါဝင်ဆောင်ရွက်ခွင့်စသည့်အခွင့်အရေးများကို ချိုးဖောက်နေ ပါသည်။

ကိုပါကြီးသေဆုံးမှု၏ အကြောင်းအခြင်းရာများကို ဖော်ထုတ်မှတ်တမ်းတင်ထားဖို့ရန် အထူးသဖြင့် နိုင်ငံတော် (သို့) နိုင်ငံတော်နှင့် မပတ်သတ်သည့် အခြားသူများမှ တရားဥပဒေမဲ့စွာ သတ်ဖြတ်ခဲ့ခြင်း ရှိမရှိ ကိုသိရှိဖို့ရန် မြန်မာအာဏာပိုင်များအနေဖြင့် ကိုပါကြီးအမှုအား ပြန်လည်ဖွင့်လှစ်ဖို့ရန် တာဝန်ရှိပါသည်။

"ယင်းကဲ့သို့အမှုများကို အရပ်ဘက်တရားရုံးမှ စစ်ဆေးစီရင်နိုင်စေရန် ဆောင်ရွက်ပေးခြင်းဖြင့် ဒီချုပ်အစိုးရသည် ရဲ၊ ဥပဒေအရာရှိ နှင့် တရားသူကြီးများ အပါအဝင် တရားရေးဆိုင်ရာ အဖွဲ့အစည်းအားလုံးကို စစ်တပ်မှပါဝင်ပတ်သက်သော ပြစ်မှုများကို တရားဥပဒေစိုးမိုးရေး သဘောတရားနှင့်အညီ လွတ်လပ်စွာ ဘက်လိုက်မှုမရှိဘဲ စစ်ဆေးနိုင်သည် စစ်ဆေးသင့်သည် ဆိုပြီး အားကောင်းသည့် message ပေးနိုင် ပါသည်" ဟု ရှောင်ဘိန်းမှ ဖြည့်စွက်ပြောကြားခဲ့သည်။

၁၉၅၉ အက်ဥပဒေကို နိုင်ငံတကာစံချိန်စံညွှန်းများအတိုင်းဖြစ်စေအောင် ချက်ချင်း ပြုပြင်ဖို့ရန် အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အစိုးရတွင် ဥပဒေရေးစွဲနိုင်သည့် အခွင့်အာဏာ ရှိပါသည်။ အရပ်ဘက်တရားရုံးများတွင် ဆိုးဝါးသောပြစ်မှုများအတွက် တပ်မတော်သားများ တရားဥပဒေအရ စစ်ဆေးအရေးယူနိုင်အောင် ဤဥပဒေအား ပြင်ဆင်ဖို့ရန် ICJ မှတောင်းဆို လိုက်ပါသည်။

## နောက်ခံအကြောင်းအရာ

<u>နိုင်ငံတကာဥပဒေ</u>

အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးဥပဒေအရ နိုင်ငံအားလုံးသည် တရားဥပဒေမဲ့သတ်ဖြတ်မှု (အသက်ရှင်သန်မှုအခွင့်အရေးချိုးဖောက်မှု) အားလုံးအတွက် လျင်မြင်စွာ၊ အသေးစိတ်၊ ဘက်မလိုက်ဘဲ စုံစမ်းစစ်ဆေးဖို့ရန် တာဝန်ရှိပါသည်။ ယင်းတာဝန်သည် တရားရေးအပါအဝင် အစိုးရ၏ အစိတ်အပိုင်းအားလုံးမှ လိုက်နာဖို့ရန်တာဝန်ရှိပါသည်။ အရပ်ဘက်တရားရုံးများတွင် တရားမျှတသော တရားစီရင်ရေး စံနှုန်းများအတိုင်း တရားမျှတသည့် တရားစီရင်မှုများနှင့် ကျွမ်းကျင်ပြီး လွတ်လပ်ဘက်မလိုက်သည့် တရားသူကြီးများရှေ့မှောက်တွင် တာဝန်ရှိသူများကို စစ်ဆေးအရေးယူသင့်ပေသည်။

<u>၁၉၅၉ တပ်မတော်အက်ဥပဒေ</u>

အခြေခံဥပဒေ ပုဒ်မ ၂၉၃(ခ)၊ ၃၁၉ နှင့် ၃၄၃ (ခ)အရ ရာသက်ပန် စစ်ခုံရုံးများဖွဲ့စည်း တည်ဆောက်ခွင့်ရှိပြီး တမ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို နောက်ဆုံး အယူခံဆုံးဖြတ်ခွင့် အာဏာကိုအပ်နှင်းထားပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ် (သို့) အခြားအရပ်ဘက် အဖွဲ့အစည်းများထံ အယူခံဝင်ခွင့်မရှိပေ။ ၁၉၅၉ အက်ဥပဒေသည် အမှုများကို တပ်မတော်စစ်ခုံရုံးများ ထံသို့ လွှဲပြောင်းစေရသည့် ဥပဒေအခြေခံအကြောင်းရင်း ဖြစ်ပါသည်။ ပုဒ်မ ၇၂ တွင် ဆိုးဝါးသောပြစ်မှုများ ကျူးလွန်ခဲ့သည့် တန်းပြည့်စစ်မှုထမ်းလျက် ရှိသော တပ်မတော်သားများကို အရပ်ဘက် တရားရုံးအစား စစ်တရားရုံးတွင်သာစစ်ဆေးစီရင်ရမည် ဆိုပြီး ပြဋ္ဌာန်းထားသည်။ ပုဒ်မ ၃(က)တွင် တန်းပြည့်စစ်မှုထမ်းမှုကို ကျယ်ပြန့်စွာ အဓိပ္ပါယ်ဖွင့်ဆိုထားပြီး တပ်မတော်သားများကို သာမန်အားဖြင့် တန်းပြည့်စစ်မှုထမ်းလျက်ရှိသည် ဆိုပြီးသတ်မှတ်ယူဆကာ အရပ်ဘက်တရားရုံး အစား စစ်တရားရုံးများတွင်သာ စစ်ဆေးစီရင်သည်။ ယင်းတရားရုံးများ၏ ဆုံးဖြတ်ချက်ကို နိုင်ငံတော်အဖွဲ့အစည်းများ နှင့် လူပုဂ္ဂိုလ်များမှ အယူခံခွင့်မရှိပေ။

မူလ ၁၉၅၉အက်ဥပဒေပါ ပုဒ်မ ၁၃၀ အရ ပြည်ထောင်စုသမ္မတမှ ပုံမှန်အရပ်ဘက်တရားရုံးတွင် ပြန်လည်စစ်ဆေးစီရင်ရန် တောင်းဆိုခွင့်ရှိပါသည်။ သို့သော် အရပ်ဘက် တစိတ်တပိုင်း အုပ်ချုပ်ရေးသို့ မကူးပြောင်းမီတွင် မြန်မာ့ဥပဒေမူဘောင်အတွင်းတွင် ပြစ်မှုများမှ ကင်းလွတ်ခွင့်ရှိအောင် စစ်အစိုးရမှ မြှုပ်နှံခဲ့သည့် အစိတ်အပိုင်းများအနက် တစ်ခုဖြစ်သည့် ယင်း ပုဒ်မကို ၂၀၁၀ တွင် စစ်အစိုးရမှ မဆင်းခင်တွင် ဖျက်သိမ်းခဲ့ပါသည်။

<u>ကိုပါကြီးသေဆုံးမှု</u>

၁၉၆၅ ခုနှစ်တွင် မွေးဖွားခဲ့သော အောင်ကျော်နိုင် (ခေါ်) ကိုပါကြီးသည့် အလွတ်တမ်း သတင်းထောက်နှင့် ဓါတ်ပုံဆရာတစ်ဦးဖြစ်ပြီး ရံဖန်ရံခါ သူ့၏ သတင်းများကို The Voice နှင့် Eleven Media တို့တွင်ပါလေ့ရှိပါသည်။ ၁၉၈၈ ဒီမိုကရေစီအရေးတော်ပုံတွင် ပါဝင်ခဲ့ပြီးသည့်နောက်တွင် မြန်မာနိုင်ငံမှထွက်ခွာကာ ထိုင်းနိုင်ငံသို့သွားရောက်ခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် ဒီမိုကရေစီအရေးလှုပ်ရှားသူ ဒေါ်သန္တာနှင့် အိမ်ထောင်ကြခဲ့ပြီး သမီးတစ်ယောက် ထွန်းကားခဲ့ပါသည်။ NLD ပါတီဝင်တစ်ဦးဖြစ်ခဲ့ကာ အချိန်အတန်အကြာ ဒေါ်အောင်ဆန်းစုကြည်၏ ကိုယ်ရံတော်တစ်ဦးအနေဖြင့် တာဝန်ထမ်းဆောင်ခဲ့ပါသည်။

ကိုပါကြီးသည် မွန်ပြည်နယ်တွင် တပ်မတော်နှင့် DKBA အဖွဲ့များ တိုက်ပွဲဖြစ်ပွားမှုကို သတင်းယူနေစဉ် ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၃၀ ရက် နေ့တွင်ရဲများမှ ဖမ်းဆီးထိန်းသိမ်းခဲ့ပါသည်။ တပ်မတော်၏ထိန်းသိမ်းမှုအောက်သို့ လွှဲပြောင်းပြီး လေးရက်ကြာ အောက်တိုဘာလ (၄) ရက် နေ့ တွင် သေဆုံးခဲ့ပါသည်။

ကိုပါကြီးပျောက်ဆုံးနေမှုကို ရှင်းလင်းပေးဖို့ရန် အစိုးရတွင် ဖိအားများရှိလာပါသည်။ ကိုပါကြီး အမျိုးသမီးဒေါ်သန္တာသည် သတင်းစာရှင်းလင်းပွဲပြုလုပ်ကာ ကိုပါကြီးပျောက်ဆုံးနေမှုကို အဓိက မီးမောင်းထိုးပြခဲ့သည်။ ထို့အပြင် ဒေသတွင်းနှင့် ကမ္ဘာ့ခေါင်းဆောင်များမှလည်း နေပြည်တော်၌ ကျင်းပမည့် အာဆီယံအစည်းအဝေးမတိုင်မှီ တိုက်တွန်းခဲ့ကြသည်။ ကိုပါကြီးသည် ထွက်ပြေးရန် ကြိုးပမ်းရာမှ တပ်မတော်သားများနှင့် လုံထွေးသတ်ပုတ်ရင် အသတ်ခံခဲ့ရကြောင်း၊ ထိုကြောင့် ကိုပါကြီးသေဆုံးမှုသည် ၎င်းတွင်သာတာဝန်ရှိသည့်သဖွယ် တပ်မတော်မှ အောက်တိုဘာလ တတိယပတ်တွင် သတင်းထုတ်ပြန်ခဲ့သည်။ ယင်းသတင်းထုတ်ပြန်ချက်တွင် ကိုပါကြီးသည် သတင်းသမားမဟုတ်ဘဲ DKBA အဖွဲ့ဝင်တစ်ဦးအနေဖြင့် မွန်ပြည်နယ်ရှိ တိုက်ပွဲများအနီးနားသို့ ရောက်ရှိခဲ့ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။ တပ်မတော်မှ ရက်ပေါင်း ၂၀ ကျော်ကြာ ထိုလူသတ်မှုကို ဖုံးကွယ်ထားရာမှ ကိုပါကြီး၏ ရုပ်အလောင်းကို ပြန်ဖော်ခဲ့ပြီး နိုဝင်ဘာလ ၇ ရက်နေ့တွင် မိသားစုနှင့် သူငယ်ချင်းများမှ ရန်ကုန်တွင် စနစ်တကျ ပြန်လည်ဂူသွင်းမြှုပ်နှံခဲ့သည်။

တပ်မတော်၏ထုတ်ပြန်ချက်ကို မေးခွန်းများမေးမြန်းလာကြသည်။ မြန်မာအမျိုးသား လူ့အခွင့်အရေးကော်မရှင် (MNHRC) သည် ကိုပါကြီးသည် သတင်းထောက်တစ်ဦး ဖြစ်ကြောင်း ဖော်ထုတ်တွေ့ရှိခဲ့သော်လည်း ယင်း၏ အစီရင်ခံစာတွင် နှိပ်စက်ခံရမှုလက္ခဏာများ အပါအဝင် ကိုပါကြီးသေဆုံးမှု၏ အကြောင်းခြင်းရာများကို ရှင်းလင်းခဲ့ခြင်းမရှိပေ။ မည်ကဲ့သို့ ဖြစ်ခဲ့သည် ဆိုသည့် အမှန်တရားနှင့် အဘယ်ကြောင့် အစပိုင်းတွင် ဖုံးကွယ်မှုများရှိခဲ့သည်ဆိုသည့် မေးခွန်းများ

အပါအဝင် တာဝန်ခံတာဝန်ယူမှု ရှိလာအောင်နှင့် တရားမျှတမှုရှိအောင် အခြားစစ်ဆေးမှုများသည် လည်း မဆောင်ရွက်ပေးနိုင်ခဲ့ပေ။

၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့တွင် MNHRC ၏ နောက်ဆုံးအစီရင်ခံစာထွက်ပေါ်လာပြီးနောက် ကျိုက်မရောမြို့နယ် တရားရုံးတွင် သေမှုသေခင်းဆိုင်ရာစုံစမ်းစစ်ဆေးဖို့ရန် လျှောက်ထားခဲ့သည်။ မေလတွင်မူ လွန်ခဲ့သောခြောက်လက အမှုတွင်ပါဝင်သော တပ်မတော်သား ၂ ဦးကို ၁၉၅၉ အက်ဥပဒေအရ တပ်မတော်၏လုပ်ငန်းစဉ်အတိုင်း စစ်ခုံရုံးလျှို့ဝှက်စွာ စစ်ဆေး အရေးယူခဲ့ပြီး ကြောင်းထုတ်ပြန်ခဲ့သည်။ ကျိုက်မရောတွင် သေမှုသေခင်းဆိုင်ရာ စုံစမ်းစစ်ဆေးဖို့ရန် လျှောက်ထားမှုသည်လည်း အရှိန်လျှော့သွားပြီး ၂၀၁၆ ခုနှစ် မတ်လတွင် ရဲမှ အမှုအား ပိတ်သိမ်းခဲ့ပါသည်။ MNHRC သည်လည်း ထပ်မံ၍ပြီးအကြံပြုထင်မြင်ချက်များ ထုတ်ပြန်ခဲ့ခြင်း မရှိပေ။

## ဆက်လက်ဖတ်ရှုရန်

ICJ, "The investigation and prosecution of potentially unlawful death: ICJ Practitioners' Guide no. 14," 14 September 2019၊အောက်ပါလင့်ခ်တွင်ရယူဖတ်ရှုနိုင် https://www.icj.org/the-investigation-and-prosecution-of-potentially-unlawful-death-icj-practitioners-guide-no-14/

ICJ, "မြန်မာနိုင်ငံတွင် ဆိုးဝါးသော လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် တရားမျှတမှုရယူခြင်း - အခြေပြုစံထား တိုင်းတာလေ့လာမှု" ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်၊ အောက်ပါလင့်ခ်တွင် ရယူဖတ်ရှုနိုင်https://www.icj.org/wp-content/uploads/2018/01/Myanmar-GRA-Baseline-Study-Publications-Reports-Thematic-reports-2018-BUR.pdf

## ဆက်သွယ်ရန်

ရှောင်ဘိန်း Sean Bain, ICJ ဥပဒေအကြံပေး, sean.bain@icj.org